စိတ်ကူးချိုချိုအနုပညာ

mgyoe.com



mgyoe.com

မင်းမရောက်ခင်ကဆို
စမ်းချောင်းတို့သည် ရေနည်းသေး၏။
ငါ့ရင်ထဲမှာလည်း
မျက်ရည်တွင်းကို မတူးရသေးချေ။

မင်းမရောက်ခင်ကဆို
ပျားပိတုန်းတို့ ပန်းမခပ်ကြသေး။
ငါ့ရင်ထဲမှာလည်း
မြတ်နိုးခြင်းကို မစုဆောင်းရသေးချေ။



မင်းရောက်လာမှ
ပန်းရောင်စုံတို့ အိပ်ရာက နိုးကုန်သည်
သစ်သီးတို့လည်း ချိုတော့သည်။

မင်းရောက်လာမှ
ကြင်နာခြင်းလိမ်းကျံထားသော
သောကလက်ကိုင်ဌား၍
ငါ့အချစ်တံခါးကို
ခေါက်မည့်သူလည်း ပေါ်တော့သည်။

tsn0003
1,500.00 KS

mgyoe.com

mgyoe.com

ငယ်အိပ်မက် ၁၈၊ သစ္စာနီ
မျက်နှာဖုံးနှင့် အတွင်းပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၄၇ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်ညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ငယ်အိပ်မက်၁၈

## [အချစ်ကဗျာခံစားမှု]

သစ္စာနီ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | အမှာ | ၃ |
| ၁။ | အစိမ်းရောင် မီးတောက်ပေါ်မှ ငုံ့နေတဲ့ အချစ်နု | ၇ |
| ၂။ | ခြေရာနွမ်း | ၁၀ |
| ၃။ | ရွက်ကြွေတောမှာ | ၁၂ |
| ၄။ | သက်သေ | ၁၄ |
| ၅။ | ကလေးလိုနေချင်တယ် | ၁၆ |
| ၆။ | ဆုတောင်း | ၁၈ |
| ၇။ | အစိမ်းဆုံးရာဇဝင် | ၂၀ |
| ၈။ | အိပ်မက်ကုန်သည်မလေး | ၂၂ |
| ၉။ | ဒဿဂီရိတောင်းပန်ခန်း | ၂၄ |
| ၁၀။ | အေပရယ် | ၂၇ |
| ၁၁။ | မချစ်မီ | ၃၀ |
| ၁၂။ | သိုးကလေးတို့အချစ် | ၃၂ |
| ၁၃။ | ဆက်သွယ်မှု | ၃၄ |
| ၁၄။ | တတိယအချစ် | ၃၆ |
| ၁၅။ | ခွဲခွာချိန် | ၃၈ |
| ၁၆။ | ဖျားနေတဲ့အိပ်မက်ကလေး | ၄၀ |
| ၁၇။ | မျက်နှာစိမ်း | ၄၂ |
| ၁၈။ | အချစ် | ၄၄ |


❑

mgyoe.com

mgyoe.com

mgyoe.com

 mgyoe.com 

# အမှာစကား

## [၁]

ကိုစန်းဦးက သူ့ စိတ်ကူးချိုချိုစာအုပ်တိုက် ၁၈ နှစ်ပြည့်အတွက် ကဗျာစာအုပ်တစ်အုပ် ထုတ်ဝေဖို့ တောင်းသည်။ ကဗျာအသစ်က စာအုပ်တစ်အုပ်စာ မရှိ။ (မကြာခင်က ကဗျာပေါင်းချုပ်ထဲမှာ အကုန်ပါသွားသည်။) တစ်ခုတော့ ရှိသည်။ ဘယ်တုန်းကမှ လုံးချင်းကဗျာစာအုပ်ထဲတွင် မပါသေးသည့် ကဗျာဟောင်းတွေ ကျွန်တော့်မှာ အတော်များများ ရှိ၏။ ၁၉၆၅ ကဗျာစရေးစမှာ ရှုမဝ၊ မိုးဝေ၊ ရုပ်ရှင်ပဒေသာ ၊ ရုပ်ရှင်မျက်မှန်၊ တိုင်းရင်းမေ စသည့် မဂ္ဂဇင်းများမှာ ဖော်ပြခဲ့သည့်ကဗျာတွေ။ အများစုမှာ အချိုး(လေးချိုးနှင့် ဒွေးချိုးအတွဲများ)နှင့် လေးလုံးစပ်တွေ ဖြစ်သည်။ ၁၉၉၉ တွင် ကျွန်တော်၏ ပထမဆုံး ကဗျာလုံးချင်း (မိမိ အရေပြားပေါ်မှ လမ်းလျှောက်ထွက်ခြင်း) ကနေ စတင်ထုတ်ဝေကတည်းက ကာရံမပါသော မော်ဒန်ကဗျာများကိုသာ ရွေးချယ်ထုတ်ဝေခဲ့သဖြင့် ကျွန်တော် ကဗျာလုံးချင်းထုတ်ဝေတိုင်း (မပါနိုင်ဘဲ) ကျန်နေခဲ့သော ကဗျာများ ဖြစ်သည်။

သို့သော် တကယ်တမ်း ထိုကဗျာတွေ ရွေးထုတ်ပေးမယ် စိတ်ကူးသောအခါ ကဗျာများ ပါရှိသည့် နှစ်၊လ မဂ္ဂဇင်း စာအမှတ် စသည်ဖြင့် ရေးမှတ်ထားသော စာအုပ်က ပျောက်နေပြန်သည်။ စာကြည့်တိုက်များသွားကာ တစ်အုပ်ချင်းလှန်လှောရှာဖွေဖို့ကလည်း တကယ်မလွယ်ကူ။

ထိုရက်များအတွင်း ချိမ့်ကြီးရောက်လာသည်။ သူကတော့ ၁၈

mgyoe.com

နှစ်မြောက်အတွက် ကဗျာ ၁၈ ပုဒ် ပေးလိုက်သည်ဟု ပြောသည်။ ဒီ စိတ်ကူးကောင်းတာပဲ။ ဒီ ၁၈ ပုဒ်လောက်တော့ ကျွန်တော်လည်း ပြန်ရှာလို့ ရနိုင်သည်။ ပြန်တွေ့တာတွေထဲကမှ အချစ်ကဗျာချည်း ရွေးထုတ်လိုက်သည်။ "ငယ်အိပ်မက် ၁၈" ဟု အမည်ပေးလိုက်သည်။ ကဗျာတွေကတော့ ဒွေးချိုးတွဲ၊ လေးချိုး တွေလည်းပါ၊ လေးလုံးစပ် တွေလည်း ပါ၊ နောက်ဆုံး ကာရံ မဲ့ဆိုနိုင်သည့် ကဗျာတွေလည်း ပါ ပါသည်။

## [ ၂ ]

အချိန်အတော်ကြာကာလတစ်ခုက ကျွန်တော်နှင့် ချိမ့်ကြီး နှစ်ယောက်တည်း ထိုင်နေစဉ် ချိမ့်က စကားတစ်ခွန်း မှတ်သားဖွယ်ရာ ပြောခဲ့သည်။

"ရဲကြီးရ ... ခပ်ငယ်ငယ် အရုပ်ဆိုးဆိုး ဂေါ်မစွံတဲ့ ကောင်တွေဟာ ကြီးလာရင် ကွန်မြူနစ် ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ကဗျာဆရာ ဖြစ်တာပဲ"

ဂေါ်မစွံဆိုတာက မိန်းမ ပိုးပန်းမရတာကို သုံးတဲ့ ကျွန်တော်တို့ခေတ်က ဘန်းစကားဖြစ်သည်။ ကိုယ့်များစောင်းချိတ်ပြောတာလားလို့ သူ့ကို သေသေချာချာကြည့်ကာ အကဲခတ်ရသေးသည်။ (တကယ်တော့ တည့်တည့်ပြောနေပုံရသည်၊)

ထိုကာလများမတိုင်မီက ကျွန်တော်တစ်ကိုယ်တော် (လက်ရေးမှင်ကူး) အချစ်ကဗျာစာအုပ်ကလေးရှေ့တွင် ကျွန်တော်က ...

"မတော်တဆ အသည်းကွဲရာမှ
ခြေချော်လက်ချော် ကဗျာဆရာဖြစ်လာသူ"

ဟု ကိုယ့်ကိုယ်ကိုယ် ရေးလိုက်သည်။ အမှန်တစ်ဝက် သရော်သံ တစ်ဝက်နှင့် ဖြစ်သည်။ တကယ်ပင် ကျွန်တော် ကဗျာစရေးစဉ်က "မြန်မာ့လူ့အဖွဲ့အစည်းကို ကယ်တင်ဖို့၊ မြန်မာနိုင်ငံတော်ကြီးကို ပြုပြင်ပြောင်းလဲပစ်ဖို့"ဆိုသော ရည်ရွယ်ချက် ကြီးကြီးမားမား မပါရှိခဲ့ကြောင်း ဝန်ခံပါသည်။ ကိုယ်ကြိုက်တဲ့ ကောင်မလေးက ကိုယ့် ပြန်

mgyoe.com

mgyoe.com

မကြိုက်သဖြင့် (ခေတ်စကားဖြင့် ပြောရလျှင်) အသည်းကွဲကာ ခံစားရတာ သက်သာလို သက်သာငြား ကဗျာတွေ စတင်ရေးခဲ့မိခြင်း ဖြစ်သည်။ ဒါ့ကြောင့် ထိုရေးစက ကျွန်တော့်အတွေးအများစုမှာ 'အချစ်' ကဗျာများ ဖြစ်နေခြင်း ဖြစ်သည်။

အမှန်ပြောရလျှင် ကျွန်တော်တို့က ခပ်မွဲမွဲတွေ ဖြစ်သည်။ သူတို့ဘက်က ကြည့်လျှင် ပြန်ကြိုက်ချင်စရာရှိလှသည် မဟုတ်။ ဒီတော့ ကျွန်တော်တို့က လူတန်းစားအမြင်ဖြင့် "ခနရှင် အိမ်ထောင်ရေး စနစ်မှာ ဖုတ်သွင်းသဂြိုဟ်ခံလိုက်ရသော ဆင်စွယ်နန်းတော်ထက် ဇာခန်းဆီးနောက်ကွယ်က ပင်တိုင်စံ မဟုတ္တာ" စသဖြင့် ကွန်မြူနစ်ဆဲ ဆဲတော့သည်။ ဘာပြောပြော ကျွန်တော်တို့သည် လူတန်းစား ခွဲခြားမှု ဆိုတဲ့အပြစ်ကလေးတော့ မြင်လာသည်။ဒါက အသည်းကွဲရာက ရတဲ့ အမြတ်ဟု ဆိုနိုင်သည်။

ဒီတော့မှ လူ့အခွင့်အရေးတွေ၊ ဒီမိုကရေစီတွေ၊ ဘာတွေ ညာတွေ တက်လှမ်းလာခြင်းဖြစ်သည်။ ပြည်သူတွေရဲ့ လက်တွေ့ဘဝ (ဆင်းရဲဒုက္ခ)တွေကို စာနာရကောင်းမှန်း သိလာသည်။ ဘယ်သူမှ ညွှန်ကြားသည်၊ တာဝန်ပေးသည် မဟုတ်ဘဲ ဖိနှိပ်ခံဘက်က ရပ်တည်ခဲ့သည်။ အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သည်။ ဒါက ကျွန်တော်တို့ ကဗျာဆရာတွေ လျှောက်လှမ်းခဲ့ရသည့်လမ်း။

## [၃]

ဒီကဗျာစာအုပ်ထဲမှာတော့ ကျွန်တော်တို့ ကဗျာခရီးအစဟု ဆိုနိုင်ကာ ၁၉၇၀ တစ်ဝိုက်က အချစ်ကဗျာကလေးတွေကို စုစည်းထားသည်။ ငယ်အိပ်မက်တစ်ခုကို တူးဖော်ပြရုံသက်သက်သာ ဖြစ်ရာ စာဖတ်သူအနေဖြင့် နားလည်သဘောပေါက်လိမ့်မည်ဟု ယူဆမိပါကြောင်း။


*သစ္စာနီ*
*ဇူလိုင်၊ ၂၀၁၇။*

mgyoe.com

mgyoe.com

mgyoe.com

သစ္စာနဲ့
အဆိမ်းရောင်မီးတောက်ပေါ်မှာ
ငုံနေတဲ့ အချစ်ငှ
ပါ





mgyoe.com
mgyoe.com

 mgyoe.com 

## အစိမ်းရောင်မီးတောက်ပေါ်မှာ ငုံ့နေတဲ့ အချစ်နှ

အချစ်ရယ် ...
ဗွန်လနေလို၊ မှုန်တေတေနဲ့
ရွှေရောင်နေ့များ၊ ခိုးမထားနဲ့
ရင်ကြားစကား၊ ပတ္တမြားကို
နှုတ်ဖျားမှာဖြစ်၊ နှင်းဆီမြစ်ဟု
ခွေရစ်စီးဆင်း၊ ချိုသင်းစမ်းပါ
သောကပြက္ခဒိန်၊ အချိန်လွန်ပြီ။

အသဲရယ် ...
လထိးရိပ်အောက်၊ နှစ်ယောက်ထိုင်လျက်
အိပ်မက်ချောကလက်၊ စားလျက်ပြုံးရွှင်
နေချင်ပါတယ် ...
သစ်ပင်များလို၊ မြနားတစ်ထောင်
ရှိသယောင်ကွယ်၊ လေကွယ်ဝှက်ထား
မောင့်စကားတွေ၊ ပျောက်ဆုံးနေသလား
ဒီနေ့များကို၊ လျှာဖျားပေါ်တွင်
တင်သားထားရ၊ ခါးသက်လှမယ် ။

mgyoe.com


mgyoe.com

အသက်ရယ်
သိပ်ပြီးရိုးတဲ့၊ သိုးကလေးတွေဖြစ်ဖြစ်
ချစ်ဖို့ သိတယ်၊ နွယ်ကလေးတွေလည်း
မတွယ်ပဲမနေ၊ မောင်တို့တွေမှ
မြလေလေးသွေး၊ ဝေးရမလား
နေလကြားမှာ၊ အပြာရောင်သစ်
အချစ်စပျစ်သီး၊ စားပြီးနေသဖြင့်
မအိုရင့်ရင်း ...။
မင်းမျက်နှာသာ၊ ငါဖတ်စရာ
စာအုပ်ပါကွယ်၊ ပညာဆိုတာ
ဒါပဲ မဟုတ်လား၊ တခြားထပ်ပြီး
မရှာမှီးချင်။ ။

သပြေမဂ္ဂဇင်း။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# ခြေရာနွမ်း

နေ့ည လှေကား ...
နေ့,ကား တစ်ထစ် လ, တစ်ထစ်နှင့်
ကြွင်းရစ်ခြေရာ ထပ်တစ်ရာနွမ်း
လွမ်းတနမြော စောကြောနောက်ကျ။

သူရာတစ်ပေါက် နောက်ကျိထွေးသီ
ရီဝေမျက်လုံး မဲ့ပြုံးနှုတ်ခမ်း
လမ်းကြားယိုင်လဲ ပြိုတွဲကူဖော်
တေးစာကြော်နှင့် မျှော်ရင်းမေ့လျော့။

'နွေတည'နဲ့ 'ကေဖွဲ့ဆိုသီ'
'တဟီတီ'ကြား ရောက်သွားတိမ်းမူး
ဝါစိမ်းပြာနီ ပန်းချီပြပွဲ
ဆင်းရဲကင်းဝေး ငွေးမော့ငိုင်ငူ
ထူသူမရှိ ကြည့်မက်တမော။

ရုပ်ရှင်ရုံထွက်၊ လက်ဖက်ရည်ဆိုင်
ထိုင်ပျင်းဝိုင်းဖွဲ့ ကဗျာနဲ့စာ
ထွေလာသောင်းပြောင်း စကားကောင်းလျက်
အိမ်ပြန်ခက်ခဲ့ ပလက်ဖောင်းပေါ်
နောင်တပျော်စီး။

ငါ့ကိုယ်ငါ ...
ပြန်ကာဆန်းစစ် မွန်းနစ်အချိန်
ရေတိမ်ကာလ နေတစ်စင်းမျှ
လတစ်စင်းမျှ မရလိုက်ချေ
အဖြေထိတ်လန့်။ ။

ရှုမဝ

mgyoe.com



mgyoe.com

mgyoe.com

 mgyoe.com



# ရွက်ကြွေတောမှာ

နေပါရစေ ...
မရင့်မီနု ခုကာလမှာ
ဓမ္မလက်က ခေါ်လည်း မလာ
ရွက်ကျပင်ပေါက် ဆောက်တည်ဘဝ
ကျွန်တော် ချစ်သည်။


သွားနှင့်ပါလေ သခင့်ခြေလှမ်း
နမ်းရှိုက်စွန့်လွှတ် ကိုးကွယ်တတ်ရုံ
ရင်ခုန်သံနု မခွဲတွယ်ငြိ
မြဲမိစုံမက် သက်တုံ့ခွာတုံ့။

နေပါရစေ .... သောကနွေတော
ကြာမောတောင့်တ နှမနဲ့တူ
ပူတစကာ အလှစက်ဝန်း
ရွှေ့ယွန်းကွန်းထောက် နောက်ဆုတ်မတွန့်
ရင်ဆိုင်ဝံ့သည် ကြည်သာခွင့်ပေး
သခင့်နိုင်ငံ ဝေးလံမြေတာ
ဝေဒနာမဲ့ မလိုက်ခဲ့ချင်။

ထားရစ်တော့လေ ချစ်သူမျက်ဝန်း
အိပ်မက်ကျွန်းနှင့် နှုတ်ခမ်းနီညို့
နှင်းဆီမြို့မှာ ကဗျာပွင့်သစ်
စူးရစ်ပျော်ရှည် မေ့လျော့နေဆဲ
ဝါရွှေသောသော ရွက်ကြွေတောထက်
တက်နင်းလျှောက်သွား နားထောင်စမ်းမေ
ခြေထောက်အောက်က ဂီတသံပင်
လောကထင်မိ။ ။

သပြေမဂ္ဂဇင်း

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# သက်သေ

ချစ်မိသည်မှု ၊ သူမတူပါ
သည်းအူထဲက  စိမ့်နေသည်။
မယုံဝံ့လျှင် ...
ရင်ပင်ခွဲ၍  ပြရဲ၏။  ။

တိုင်းရင်းမေ

mgyoe.com



mgyoe.com


# ကလေးလိုနေချင်တယ်

ခုနေတွေးတော့ ကလေးလိုသာ
နေချင်ပါတယ် ဘာလိုချင်လဲ
စိတ်ထဲတမ်းတ ပြည့်ဝချမ်းသာ

ပိုက်ဆံဆိုတာ သဘာဝဘဏ်
ကြွေပန်းကန်ကွဲ မြေအိုးကွဲတွေ
မြေထဲတူးဆွ ရသမျှမှာ
ရွှေစ ငွေစ သုံးမကုန်။

သစ်တစ်ပင်အောက် တစ်အိမ်ဆောက်ကာ
ဆာလောင်ရင်လည်း သဲကထမင်း
ဟင်းက သစ်ရွက် ခူးချက် ခပ်ချက် ဈေးမတက်။


ကြာဆစ်ကြိုးလည်း မြလည်ဆွဲဟု
စိတ်ထဲဖန်ဆင်း ချက်ချင်းပြောင်းလဲ
အခက်အခဲမရှိ။

ဘဝဒုက္ခ သောကဆိုတာ
ချို့နဲ့ပါလား စားဝတ်နေရေး
တွေးဖို့မလို အတိတ်ကိုဆန်
ငယ်မူပြန်သစ် ဖြစ်နိုင်မယ်ဆို
ကလေးလိုသာ နေချင်ပါတယ်။ ။

ရွှမဝ

mgyoe.com

mgyoe.com



mgyoe.com

.com


# ဆုတောင်း

မောင်သာ
ရွက်ဝါကလေးဖြစ်ပါရင်
ခင့်ကိုယ်ပေါ် တစ်ပင်လုံး
သိမ်းကြုံးကြွေချင်။


မောင်သာလေ
နေကလေးဖြစ်ရင်
ခင့်အိပ်ရာ ပြတင်းပေါက်
မေးထောက်ကာ မျှော်မဆုံး
တစ်သက်လုံးနေမဝင်။

ဒါပေမဲ့ ... ချစ်သူ ခင်
မျက်နှာမြင် မုန်းချင်သတဲ့။
သည်လိုသာဆိုရင်လည်း
နောက်မချစ်ရဲအောင်
ကျောက်စရစ်ခဲအသွင်သာ
မောင် ဖြစ်ပါ စေချင်ကြောင်း
ဆုတောင်းမိရဲ့။ ။

ရှုမဝ

mgyoe.com

mgyoe.com




mgyoe.com

# အိပ်မက်ကုန်သည်မလေး

မောင့်စိတ်ကူး ချောင်းရေအတွင်းမှာ
လောင်းလှေကလေး တစ်စင်းနဲ့ ခင်။
ထိမ်ဝှက်ငုံ စကားထာတစ်ချို့နဲ့
အိပ်မက်ကုန် လာပို့တာတဲ့၊ ရှင့်။

'မေတ္တာ' မောင် ဈေးလည်းပေးရော
'သစ္စာ' တောင် ကြေးနည်းသေးသတဲ့
အသွေးအသဲ မမက်ချေ
မျက်ရည်မှ သူတောင်း။

စောင့်မရောင်းနဲ့တော့ ခင်
မောင်ငိုရင် မြစ်တွေ ဖြစ်လေတော့
နောင်ဆိုရင် အချစ်လှေ နစ်ချေရှော့မယ်
အသစ်ဖွေခွင့် လမ်းသာအောင်
(အခုပဲ) ကမ်းခွာဖို့ကောင်း။ ။

ရှုမဝ

mgyoe.com